ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ
CRPH
ပြည်ထောင်စုလွှတ်တော်
Committee Representing Pyidaungsu Hluttaw

CRPH

ပြည်ထောင်စုလွှတ်တော်

# COMMITTEE REPRESENTING PYIDAUNGSU HLUTTAW

office@crphmyanmar.org

# ဝမ်းနည်းကြောင်းသဝဏ်လွှာ

ဇူလိုင်လ ၂၁ ရက် ၂၀၂၁ ခုနှစ်၊

ပြည်ထောင်စုဥပဒေအထောက်အကူပေးရေးအဖွဲ့ဥက္ကဌ ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီ၏ မတရားဖမ်းဆီးထိန်းသိမ်းခြင်းကိုခံခဲ့ရပြီး အင်းစိန်ထောင်အတွင်း COVID-19 ရောဂါပိုးကူးစက်ခြင်းကိုခံခဲ့ ရပါသည်၊

အင်းစိန်ထောင်မှတဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ နံနက် ၉ နာရီ ၁၀ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရ ပါသည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသည့် နိုင်ငံရေးအကျဉ်းသားများကို လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ပျက်ကွက်သည့် အကြမ်းဖက်စစ်ကောင်စီတွင် တာဝန်အပြည့်ရှိသည့်အပြင် အဆိုပါကိစ္စရပ်များအတွက် တာဝန်အပြည့်ယူရမည်ဖြစ်ကြောင်း သိစေအပ်သည်။

ကွယ်လွန်အနစ္စရောက်သွားသော ဦးညဏ်ဝင်း၏မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မပြီးဆုံးသေးသော စစ်အာဏာရှင်စနစ်ကျဆုံးရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ကတိပြုပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ